
ပီပီ
(မန္တလေး)
ကျွတ်တစ္ဆေတို့ရွာ

စာရေးသူ ပီပီ(မန္တလေး)
ဝတ္ထုအမည် ကျတ်တစ္ဆေတို့ရွာ

၁။

တောင်ပေါ်လမ်းသည်၊ တောင်နံရံများကို ကွေ့ကောက် ဖောက်ထားသော လမ်းဖြစ်၍ ကား စီယာတိုင်ကို ကျင်လည်စွာ ဘယ်လှည့်လိုက်၊ ညာလှည့်လိုက်ဖြင့် မောင်းနေသော ကားဆရာကို ကြည့်၍ ကျွန်တော် အသည်းယားနေမိ၏။

ကျွမ်းကျင်ရာ လိမ္မာဆိုသလိုပါပဲ၊ သူကတော့ ဒီလမ်း ဒီခရီးကို အလွတ်ရနေသလိုပါပဲ။

သူ ကားမောင်းတာကို ကြည့်ရသည်မှာ ပင်ပန်းပုံမပေါ်။ အေးအေးသက်သာ နိုင်လှ၏။

ကွမ်းယာကို အိတ်ထဲက ထုတ်ယူဝါးလိုက်၊ ဘေးနားက ထိုင်လိုက်လာသော ကျွန်တော့်ကို စကားတွေပြောလိုက်နဲ့ ရွှင်လန်းတက်ကြွနေ၏။

သူ၏ကားသမား ဘဝအတွေ့အကြုံတွေကို နားထောင်ရသည်မှာလည်း တကယ့်ကို စိတ်ဝင်စားစရာ။

ကားဆရာသည် အသက်အားဖြင့် ၄၀ ဝန်းကျင်ဟု ခန့်မှန်းရ၏။

သို့သော် သူ့ကြည့်ရသည်မှာ အသက် ၃၀အရွယ် လူငယ်ပမာ လျင်မြန်ဖျတ်လတ်လေ၏။

"ကိုယ့်ဆရာတော့ ယုံမလား မသိဘူး၊ ဟောဒီလို အဝေးပြေး လမ်းမတွေ

ပေါ်မှာ နာနာဘာဝတွေ ရှိတယ်ဗျ"

ကားဆရာက ကျွန်တော့်ကို စကားပြောသည့်အခါ 'ကိုယ့်ဆရာ'ဟူသော နာမ်စားကို သုံးတတ်သည်ကို သတိထားမိသွားသည်။

ကျွန်တော်က အွန်လိုင်းမှာ ဝိညာဉ်ဖြစ်ရပ်ဆန်းများ အကြောင်း ရေးသားသူတစ်ယောက်ဆိုတာ သူ့ကို ပြောပြမထားပါပေမဲ့လို့၊ သူကတော့ ထိုသို့ သုံးနှုန်း ခေါ်ဆိုနေ၏။

"ဆရာသမားကို ကျွန်တော် တွေ့ကြုံတာလေးတွေ ဖောက်သည်ချရဦးမယ်။ ခရီးသွားရင်း အပျင်းပြေ ဇာတ်လမ်းတစ်ပုဒ် ရတယ်ပဲ မှတ်ပေါ့ဗျာ"

ကျွန်တော် အံ့ဩကြီးစွာ ကားဆရာကို လှည့်ကြည့်လိုက်မိသည်။

ကားဆရာကတော့ ပုံမှန်ပါပဲ။ ကွမ်းယာကို ပါးစောင်တစ်ဖက်မှာ မြို့နေရင်း ဆက်ပြော၏။

"သြော် မိတ်ဆက်ဖို့ မေ့နေတယ်။ ဆရာသမားက အွန်လိုင်းမှာ ပရစာပေတွေ ရေးတယ်ဆို၊ ကလောင်နာမည်က ဘာလဲဗျ"

သူ့ကို ကျွန်တော် ပို၍ စိတ်ဝင်စားသွားသည်။ သူက ကျွန်တော့်အကြောင်း တစ်စွန်းတစ်စ သိထားပေမဲ့၊ ကျွန်တော်က သူ ကားမောင်းသည်က လွဲ၍ ဘာကိုမျှ မသိဘူး မဟုတ်လား။

"ကျွန်တော် စာရေးတာ ခင်ဗျားကို ဘယ်သူက ပြောပြထားတာလဲဗျ"

"သြော် ... ဒါလား။ ကားလာငှားတဲ့ ဆရာ့သူငယ်ချင်း စိုးကြီးက ပြောပြသွားတာပါ။ ကျွန်တော်က ကားဂိတ်မှာ အားနေရင် ပရလောကစာပေတွေ ဖတ်တာ ဝါသနာကြီးမှန်း စိုးကြီးက သိတယ်လေ။ အဲဒါကြောင့် ကားငှားတုန်းက စိုးကြီးက ကျွန်တော့်ကို (ခင်ဗျား လမ်းမှာ အပျင်းပြေပြီ၊ အခု ခရီးသွားမယ့်သူက အွန်လိုင်းမှာ ပရလောကအကြောင်း စာရေးနေတဲ့သူ

ပဲ)တဲ့။ (ခင်ဗျားမှာ ဇာတ်လမ်းတွေ ဘာတွေရှိရင်လည်း သူ့ကို ပြောပြပေ့ါ)တဲ့"

ဪ ဒီလိုကိုး။ ကျွန်တော် လွိုက်ကော်ဘက်ကို ခရီးထွက်မယ်ဆိုတော့၊ ဒီကားကို ကျွန်တော့်သူငယ်ချင်း စိုးကြီးက စိတ်ချရသော ကားသမား အသိရှိသည်။ သူ ငှားပေးမည်ဆိုကာ ငှားပေးလိုက်ခြင်းပင်။

"လူတိုင်း မမြင်ရတဲ့ လောကတစ်ခုအနေနဲ့ ကျွန်တော် စိတ်ဝင်စားမိလို့ပါ။ ပြီးတော့ ကျွန်တော် ငယ်ငယ်က အဘွားတို့ အဒေါ်တို့ လက်ပေါ်မှာ ကြီးပြင်းလာရတာဆိုတော့ သူတို့ ပြောပြတဲ့ ညအိပ်ရာဝင် ပရလောက ပုံပြင်တွေကလည်း ကျွန်တော့်ငယ်ဘဝကို လွှမ်းမိုးထားသလို ဖြစ်နေတယ်လေ။ စာရေးနိုင်တဲ့ အရွယ်ရောက်တော့ အွန်လိုင်းမှာ ရှိတဲ့ ပရလောက ဇာတ်လမ်းတွေ ဖတ်လို့ရတဲ့ ဂရုတွေမှာ စမ်းရေးကြည့်ရင်းနဲ့ အထိုက်လျောက် လူသိများလာတဲ့ သဘောပါ။ စာရေးဆရာလို့ အမည်ခံထိုက်သူတော့ မဟုတ်ပါဘူးဗျာ။ ကားဆရာကို တစ်ခု တောင်းပန်ထားရဦးမယ်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့လား။ ကျွန်တော့် နာမည်က ထက်နိုင်၊ အွန်လိုင်းမှာတော့ ပီပီ(မန္တလေး)ဆိုတဲ့ အမည်နဲ့ စာရေးပါတယ်"

ကားဆရာက ဖော်ရွေသည် မှန်သော်လည်း ပွင့်လင်း၏။

"ဪ စိတ်မရှိပါနဲ့ဗျာ။ အဲဒီနာမည်တော့ ကျွန်တော် မဖတ်မိဘူး။ ကျွန်တော်က တာတေတို့ မဖဲဝါတို့ အဖတ်များတယ်၊ သူတို့စာတွေက လွတ်ကောင်းကိုးဗျ။ ကျွန်တော့်နာမည်လည်း မှတ်ထားနော်။ ဂိတ်မှာတော့ အောင်ကြီးလို့ အခေါ်များတယ်။ နာမည်အရင်းက အော်ကျော်လင်း။ ကိုယ့်ဆရာ ကားငှားဖို့ လိုအပ်ရင် ဖုန်းဆက်လိုက်ပါ။ ဈေး မများစေရဘူး။ ခရီးသွားရတာ ကျွန်တော့်ကားနဲ့ဆို စိတ်ကျေနပ်စေရမယ် အာမခံတယ်"

ထိုသို့ပြောရင်း ကားဒက်ရှ်ဘုတ်ပေါ်က လိပ်စာကတ်တစ်ခုကို ကျွန်တော့်အား ယူပေး၏။ ကိုယ့်ဆရာဆိုတဲ့ စကားလုံးကတော့ သူ၏ကိုယ်ပိုင်အသုံးအနှုန်းသာ ဖြစ်လိမ့်မည်။ ကျွန်တော် တားမြစ်ပေမဲ့ သူကတော့ သုံးမြဲသုံးဆဲပင်။

ပြောချင်သလိုသာ ပြောပါစေတော့ ဟူ၍ ကျွန်တော်လည်း သူ့စိတ်ကြိုက်ပြောခွင့် ပြုလိုက်တော့၏။ ထပ်မံ မတားမြစ်တော့ပါ။

"အငှားကား မောင်းရတာဆိုတော့၊ နယ်စုံ ပယ်စုံ သွားဖူး၊ ရောက်ဖူးနေတာပေ့ါ ဆရာသမားရယ်"

"တစ်ခါတလေ နေ့ဘက် မောင်းရတာ ရှိသလို၊ ခရီးသည်က တောင်းဆိုလာရင် ညဘက်တွေလည်း မောင်းပေးရတယ်လေ"

"အခု ကျွန်တော် ပြောပြမှာက ညဘက် ခရီးသွားရင်း ကြုံခဲ့ရတဲ့ ထူးခြားတဲ့ အတွေ့အကြုံတစ်ခု အကြောင်းပေ့ါ"

"မှတ်မှတ်ရရ ဆောင်းတွင်းကြီး အေးလွန်းလို့ တုန်ခိုက်နေရတဲ့ကြားက တောင်ပေါ်ခရီးတစ်ခုကို ကျွန်တော် အငှားလိုက်ခဲ့ရတယ်"

"ကားငှားတာက အသက်၅၀ကျော် လင်မယား နှစ်ယောက်ဗျ။ သူတို့သားက တောင်ကြီးမြို့ အေးသာယာမြို့သစ်ထဲမှာ ကားပစ္စည်းရောင်းတာတဲ့"

"အသည်းအသန် နေမကောင်းဘူးလို့ အကြောင်းကြားလို့ ညတွင်းချင်းလိုက်ပို့ ခိုင်းတာပေ့ါဗျာ"

"အသွားတုန်းကတော့ ကျွန်တော်အပါအဝင် သုံးယောက်ပေ့ါနော်။ တစ်ညလုံး မောင်းလာလိုက်တာ မနက် မိုးအလင်း အေးသာယာကို ရောက်ရောဆိုပါတော့ဗျာ"

"ရောက်တော့လည်း အတော်နဲ့ မပြန်ရပါဘူး။ ဆေးရုံ လိုက်ပို့ရ၊ သူတို့

စောင့်ရနဲ့ပေ့ါ၊ ဗာဟီရတွေက များပေ့ါ။ ကျွန်တော်က ပြန်ချင်ပေမဲ့လို့ ..."

"ကားဆရာရယ် ခဏနေပါဦးဆိုမှတော့ ဇွတ်အတင်း ပြန်လို့ကလည်း မဖြစ်ဘူးမဟုတ်လား ဆရာသမားရယ်"

"လူမှုရေးက ရှိသေးတယ်လေ"

"ဒါနဲ့ နေ့တစ်ပိုင်း ကုန်သွားတယ်။ ဆေးရုံပေါ်ရောက် ဆေးတွေဘာတွေသွင်းနဲ့ သူတို့လည်း လူနာအတွက် တော်တော် စိတ်အေးသွားရပြီနေမှာ"

"အဲဒီကျမှ ကျွန်တော် ပြန်ရဦးမယ်ဆိုတာ သူတို့ သတိရသွားပြီး ကားခတွေ ရှင်း၊ နေ့လယ်စာတွေ ဝယ်ကျွေးပေ့ါ"

"သူတို့သားအတွက် စိတ်ပူနေရတာနဲ့၊ ကျွန်တော် ပြန်ဖို့ နောက်ကျသွားရတယ် ဆိုပြီးတော့ ကားခအပြင် မုန့်ဖိုး ၂သောင်းကျပ် ထပ်ဆောင်းပေးပါသေးတယ်"

"ကျွန်တော် ဇွတ်အတင်း ငြင်းပေမဲ့ သူတို့က မယူရင် စိတ်ဆိုးမှာပဲ၊ မယူလို့ကတော့ နောက်တစ်ခါ ကားမငှားတော့ဘူးဆိုပြီး အတင်းအကြပ်ပိုက်ဆံကို လက်ထဲ ထည့်ပေးလိုက်ကြတယ်"

"ဒါနဲ့ ကျွန်တော်လည်း သူတို့ကို နှုတ်ဆက်ပြီး ကားကို တစ်ယောက်တည်း ပြန်မောင်းလာခဲ့ရတယ်"

"အပြန်ခရီးက ကျွန်တော် တစ်ယောက်တည်းပေ့ါ"

"ကျွန်တော် အေးသာယာကထွက်တော့ နေ့လယ် ၂နာရီ ထိုးပြီးပြီ။ တစ်နာရီ အေးအေးလောက် မောင်းလာလိုက်တာ အောင်ပန်းကို ၃နာရီ ကျော်လောက်မှာ ရောက်တယ်"

"အောင်ပန်းကို ရောက်မှ ကားက ဘာဖြစ်ချင်တာလဲ မသိပါဘူး။ လီဗာနင်းလိုက်ရင် ဝပ်ဝပ်သွားတယ်။ တုံ့ဆိုင်းဆိုင်း ဖြစ်လာတယ်"

"လမ်းမှာ ထည့်ခဲ့တဲ့ဆီက မသန့်တာများလား မသိတတ်ပါဘူး။ အဲဒီတုန်းက ခုလိုမျိုး ပန့်ဆီတိုင်တွေ မပေါ်များသေးဘူးလေ။ လမ်းဘေး ဆီဆိုင်တွေကနေပဲ ကတော့နဲ့ ဂါလန်ခွက်နဲ့ ချင်တွယ် ထည့်ပေးကြတာကိုး"

"ခရီးက အများကြီး ကျန်သေးတယ်။ ဒီအတိုင်း ခရီးဆက်ဖို့ မဖြစ်သေးပါဘူးဆိုပြီး အောင်ပန်းမြို့ထဲက ကားဝပ်ရှော့တစ်ခုမှာ ကျွန်တော် ဝင်ပြလိုက်တယ်"

"ကျွန်တော် အဲဒီတုန်းက မောင်းတဲ့ကားက ဓာတ်ဆီအင်ဂျင်နဲ့ ရှေ့ဆွဲဗင်ကားလေးဗျ"

"ဝပ်ရှော့ဆရာက ကာဘရိုက်တာထဲ ဆီချေးတွေ ပိတ်နေလို့ပါတဲ့။ ကာဘရိုက်တာ ဖြုတ်ဆေးရင် ကောင်းမယ်ဆိုပြီး ဖြုတ်ဆေးပေးတယ်။ အဲဒီဝပ်ရှော့မှာပဲ ၂နာရီကျော်လောက် အချိန်ကုန်သွားခဲ့တယ်"

"အမှန်က ကာဘရိုက်တာဆေးတာ နာရီဝက်လောက်ပဲ ကြာတာပါ"

"သူတို့ ကားကို စနှိုက်ကတည်းက ကျွန်တော်က ဝပ်ရှော့က ပက်လက်ကုလားထိုင်ပေါ် အိပ်ပျော်သွားတာဗျ"

"တခူးခူးနဲ့ ဟောက်တောင်နေသေးဆိုပဲ"

"ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတော့ သူတို့က မနှိုးရက်လို့ မနှိုးကြဘူးလေ၊ ကျွန်တော်လည်း တစ်ညလုံး အိပ်ရေးပျက်ထားလေတော့ အိပ်ကောင်းသွားတယ် ထင်ပါရဲ့ ဆရာရယ်"

"အိပ်ရာကနိုးတော့ နေတောင် အတော်စောင်းနေပြီ။ ညနေ ၅နာခွဲလောက် ရှိရော့မယ်။ ဝပ်ရှော့လက်ခကို ရှင်းပေးပြီး၊ ကျွန်တော် အတွေးတစ်ခု ပေါက်သွားတယ်"

"အောင်ပန်း - ရွာငံ - ဟန်မြင့်မိုရ် လမ်းကနေ သွားရင် ခရီး အတော်တို

သွားမယ်ပေါ့။ ယင်းမာပင်-သာစည်- မိတ္ထီလာဘက်ကနေ သွားတာစာရင် ရှာငံလမ်းကနေ မန္တလေးပြန်ရင် မိုင် ၅၀ကျော်လောက် သက်သာတယ်လေ။ ဒါပေမဲ့ အဲဒီလမ်းကို ကျွန်တော် တစ်ခါမှ မသွားဖူးဘူးဗျ၊ ကားမောင်းဘက် သူငယ်ချင်းတွေ ပြောပြထားလို့ လမ်းရှိတာကို သိထားတာပါ"

"ဒါနဲ့ ဝပ်ရှော့ဆရာကို ရှာငံလမ်း အခြေအနေ မေးလိုက်တော့၊ လမ်းကျဉ်းပြီး အကွေ့အကောက် ပိုများပေမဲ့၊ လမ်းကောင်းပါတယ်တဲ့။ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ရှာငံလမ်းကနေပဲ ဖြတ်ပြန်တော့မယ်ပေါ့ "

ဒီလိုနဲ့ပြန်ချိန် နောက်ကျနေပြီဆိုပြီး ကိုအောင်ကြီးဟာ လမ်းတိုတဲ့ဘက်ကို ရွေးချယ်လိုက်မိပါတော့တယ်။

ဒါပေမဲ့ သူ ရွေးချယ်ခဲ့တဲ့လမ်းဟာ ကားအသွားအလာ အလွန်ကျဲပါးပြီး၊ ရွာစဉ်ပြတ်လပ်တယ်ဆိုတာကို သူငယ်ချင်းများ ပြောပြထားသည်ကို မေ့လျော့နေခဲ့မိပါသတဲ့လေ။

ကားဆရာ ကိုအောင်ကြီး ပြောပြသော နာနာဘာဝတို့ရွာ သို့မဟုတ် ကြတ်တစ္ဆေတို့ရွာ ဆိုသည့် ဇာတ်လမ်းမှာ အောက်ပါအတိုင်းပင် ဖြစ်ပါ၏။

***